# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

**ဗိုလ်ချုပ်သန်းရွှေအား စစ်ရာဇ၀တ်ကောင်အဖြစ်နှင့် လူသားဖြစ်လိုမှုကို ဆန့်ကျင်သော ရာဇ၀တ်မှုများအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အသစ် (၁၈၂၀)ကို အသုံးပြု၍ အရေးယူရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တောင်းဆို လိုက်ခြင်း**

၂၀၀၈ ခုနှစ်၊ ဇွန်လ (၂၄)ရက်

၂၀၀၈ ခုနှစ် ဇွန်လ (၁၉) ရက်နေ့က အသစ်ချမှတ်လိုက်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လိင်ပိုင်ဆိုင်းရာ အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အမှတ် (၁၈၂၀)ကို မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)အနေနှင့် အပြည့်အ၀ ကြိုဆိုလိုက်သည်။

ဤသမိုင်း၀င် ဆုံးဖြတ်ချက်ဖြင့် ကမ္ဘာတ၀ှမ်းမှ အမျိုးသမီးများ၊ အထူးသဖြင့် စစ်အာဏာရှင်စနစ်အောက်ရှိ မြန်မာနိုင်ငံမှ အမျိုးသမီးများအတွက် တရားမျှတမှုရရှိရန် မျှော်လင့်ချက်များကို ကမ္ဘာ့ကုလသမဂ္ဂမှ ပြန်လည်မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မိမိတို့ယုံကြည်ပါသည်။ လုံခြုံရေးကောင်စီ၏ ဤဆုံးဖြတ်ချက်တွင် မုဒိမ်းကျင့်မှုနှင့် တခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား စစ်ရာဇ၀တ်မှုများ၊ (တနည်းအားဖြင့်) လူသားဖြစ်လိုမှုကို ဆန့်ကျင်သော ရာဇ၀တ်မှုများအဖြစ် သတ်မှတ်ပြီး၊ ဤရာဇ၀တ်မှုကျူးလွန်သူများကို အပြစ်မှ ကင်းလွတ်ခွင့် (လုံး၀) မပြုရန် အရေးကြီးသည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုများကို စစ်တပ်အနေဖြင့် ယင်းတို့တွင် အလုံးစုံ အာဏာရှိကြောင်းနှင့် ခုခံသူ မှန်သမျှအား ဒဏ်ခတ် ခြိမ်းခြောက်ရန်အတွက် မုဒိမ်းကျင့်ခြင်းကို လက်နက်သဖွယ် အသုံးပြုနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ပဋိပက္ခ စစ်ပွဲများ ဖြစ်ပွားနေသည့် နေရာများတွင် အမျိုးသမီးများအား ၎င်းတို့၏ စစ်ကရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို နေ့အချိန်တွင် သယ်ယူခိုင်းပြီး ညအချိန်တွင် လိင်ကျွန်အဖြစ် (နှစ်ပေါင်းများစွာ) အသုံးချလျက်ရှိသည်။ သက်သေခံများ ဖျောက်ဖျက်ရန်အတွက် အမျိုးသမီး အမြောက်အများနှင့် မိသားစု၀င်များအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။

စစ်အစိုးရ၏ စစ်တပ်မှဆက်လက်ပြီး တင်းကြပ်စွာ အုပ်ချုပ်ပိုင်ခွင့်ရနေဦးမည်ဆိုလျှင် တရားဥပဒေစိုးမိုးမှုလုံး၀မရှိပဲ။ ပြစ်ဒဏ် မချနိုင်သော မုဒိမ်းမှုများ ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်သည်။ မကြာသေးမီကပင် မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် (၁၃) နှစ်နှင့် (၁၄) နှစ်သာရှိသေးသော မိန်းကလေးငယ် (၂) ဦးကို စစ်အစိုးရ၏ စစ်တပ်မှ ဗိုလ်မှူးနှင့် ရဲနေတို့ပူးပေါင်း၍ မုဒိမ်းကျင့်ခဲ့သည့် သတင်းရရှိခဲ့ပြီး မိန်းကလေးတဦးမှာ ပြင်းထန်စွာ ထိခိုက်ခံရမှုကြောင့် ဆေးရုံ တင်ထားရသည်။

တိုင်းပြည်ရှိ အုပ်ချုပ်သူ အစိုးရကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မုဒိမ်းမှုအပါအ၀င် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေသည့် အခြေအနေမျိုးတွင် ဤသို့ဆိုးရွားလှသော ရာဇ၀တ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်မှာ နိုင်ငံတကာဥပဒေများနှင့် တရားရုံးများကို အားကိုးရတော့မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ထိုရာဇ၀တ်မှုများအတွက် တာ၀န်အရှိဆုံးဖြစ်သော ဗိုလ်ချုပ်သန်းရွှေနှင့် အပေါင်းအပါများအား နိုင်ငံတကာ ရာဇ၀တ်မှုခုံရုံးသို့ လွှဲအပ်၍ တရားစွဲဆိုရန် မိမိတို့အနေဖြင့် တောင်းဆိုသည်။ လုံခြုံရေးကောင်စီအဖွဲ့၀င်များအနေဖြင့် ဆုံးဖြတ်ချက်ချစဥ်က ပြောခဲ့ကြသော ဂတိစကားများအတိုင်း ရပ်တည်ပါရန်လည်း လေးနက်စွာ မေတ္တာရပ်ခံလိုသည်။

ဤသို့ စစ်အစိုးရ၏ ထိပ်တန်းခေါင်းဆောင်တဦးအား အပြည်ပြည်ဆိုင်ရာတရားရုံးတွင် စစ်ဆေးအရေးယူခြင်းအားဖြင့် အခြား စစ်အစိုးရ၏ စစ်တပ်အရာရှိများအားလည်း သတိပေးရာရောက်ပြီး၊ အနာဂတ်မရှိသည့် အာဏာရှင် သန်းရွှေ၏ ညွှန်ကြားမှုများကို လက်ခံ လုပ်နေခြင်းများသည် ၎င်းတို့အတွက် အကျိုးမရှိနိုင်ကြောင်း သဘောပေါက်စေနိုင်ပါလိမ့်မည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ဤလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အသစ်ဖြစ်သည့် (၁၈၂၀) ကို အသုံးပြု၍ ကမ္ဘာ တ၀ှမ်းရှိ အမျိုးသမီးရေးနှင့် တရားဥပဒေစိုးမိုးရေး လှုပ်ရှားမှုများတွင် ဦးဆောင်နေသောအဖွဲ့အစည်းများ၊ မိမိတို့လှုပ်ရှားမှုအပေါ် ထောက်ခံ အားပေးသူများအားလုံးနှင့် ပူးပေါင်းပြီး စစ်အစိုးရကို ဒဏ်ခတ်အရေးယူခြင်းဖြင့် မြန်မာပြည်သူများအတွက် တရားမျှတမှုရရှိရန် ဆက်လက် စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်အပ်ပါသည်။


ဆက်သွယ်ရန်။

နန်းယဥ် ၆၆ ၈၉ ၈၅၈ ၄၆၆၈

နော်စီဖိုးရာစိန် ၆၆ ၈၆ ၉၅၂ ၇၁၄၅

လွေးအေးနန်း ၆၆ ၈၉ ၄၃၄ ၂၈၄၁

နန်းဆိုင်နောင် ၆၆ ၈၁ ၈၈၄ ၄၈၆၃

P.O Box 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org